## အသုဘ (၁၀)ပါး

၁။ ဥဒ္ဓုမာတက = ဖူးဖူးရောင်သော သူသေကောင်အသုဘ၊
ပုံသဏ္ဍာန်ကို တပ်မက်သောသအား ဤအသုဘသင့်လျော်သည်။

၂။ ဝိနီလက = ညိုညိုမည်းမည်းအဆင်းရှိသော သူသေကောင်အသုဘ၊
ကိုယ်အဆင်းကို တပ်မက်သူအား ဤအသုသင့်လျော်သည်။

၃။ ဝိပုဗ္ဗက = ယိုစီးသော ပြည်ရှိသော သူသေကောင်အသုဘ၊
ကိုယ်၌ဖြစ်သောပန်းနံ့ကို တပ်မက်သူအား ဤအသုသင့်လျော်သည်။

၄။ ဝိစ္ဆိဒ္ဒက = ဓါး လက်နက်စသည်ဖြင့် အလယ်၌နှစ်ပိုင်းဖြတ်အပ်သော
သူသေကောင်အသုဘ။
ကိုယ်လုံးလုံးကျစ်ကျစ်ကို နှစ်သက်သူအား ဤအသုဘသင့်လျော်သည်။

၅။ ဝိက္ခာယိတက = ခွေး ကျီး ငှင်းတ စသည်တို့ ကိုက်ခဲစားအပ်သော
သူသေကောင်အသုဘ၊
သားမြတ်စသောအိစက်သောအသားပုံကို နှစ်သက်သူအားဤအသုဘ
သင့်လျော်သည်။

၆။ ဝိက္ခိတ္တက = ခွေးစသည်တို့ ကိုက်ချီစားသောက်၍ ပစ်ထားအပ်သော
သူသေကောင်အသုဘ၊
အင်္ဂါကြီးငယ်လျှင် တင့်တယ်ခြင်းကို နှစ်သက်သအား ဤအသုဘ
သင့်လျော်သည်။

၇။ ဟတဝိက္ခိတ္တက = ရန်သူတို့သည် ဓါးဖြင့် ကိုယ်တခြား ဦးခေါင်းတခြား
လက်တခြား ခြေတခြား ဖြတ်တောက်လျက် ထိုထိုအရပ်၌
ဖရိုဖရဲပစ်ထားအပ်သော သူသေကောင်အသုဘ၊
တကိုယ်လုံးပြည့်စုံခြင်းကို နှစ်သက်သူအား ဤအသုဘ သင့်လျော်သည်။

၈။ လောဟိတက = ယိုစီးသော သွေးရှိသော သူသေကောင်အသုဘ။
အဆင်းတန်ဆာ လှပတင့်တယ်ခြင်းကို နှစ်သက်သူအား
ဤအသုဘသင့်လျော်သည်။

၉။ ပုဠုဝက = ပိုးလောက်တို့ဖြင့်ပြည့်သော သူသေကောင်အသုဘ၊
ကိုယ်တစ်ဦးတည်းပိုင်လို့ မြတ်နိုးသူအား ဤအသုဘ သင့်လျော်သည်။

၁၀။ အဋ္ဌိက = အရိုးစုမျှသာဖြစ်သော သူသေကောင်အသုဘ၊
ဖြူဖွေးသောသွားများကို နှစ်သက်သူအား ဤအသုဘ သင့်လျော်သည်။ ။

( အဘိဓမ္မတ္ထသင်္ဂဟ၊ ဝိသုဒ္ဓိမဂ်)

**မှတ်ချက်။**

မဟာသတိပဋ္ဌာန်သုတ်တွင် -
သုသာန်၌ စွန့်ပစ်ထားသော မိမိအလိုလိုအားဖြင့်သာ သေသော
အလောင်းကောင်ပုပ်၏အစွမ်းဖြင့် အသုဘ( ၉ )ကိုပါးသာ ဟောတော်မူသည်။

အဘိဓမ္မတ္ထ၊ ဝိသုဒ္ဓိမဂ်တို့၌ -
နေရာများစွာတို့၌ စွန့်ပြစ်အပ်သော သူတစ်ပါးတို့၏ လုံ့လပယောဂကြောင့်
သေသောအလောင်းကောင်းပုပ်၏ အဖြစ်ဖြင့် အသုဘ(၁၀)ပါးကို ပြထား၏။

မဟာသတိပဋ္ဌာနသုတ်တွင် - ဝိပဿနာ၏ အစွမ်းဖြင့် ဟောထား၏။
အဘိဓမ္မတ္ထ၊ ဝိသုဒ္ဓိမဂ်တို့၌ - သမထ၏အစွမ်းဖြင့် ဟောထား၏ဟု
ဝိသုဒ္ဓိမဂ်မဟာဋီကာ ( ၁။၂၀၅)၌ ဆိုထား၏။ ။

အသုဘ ( ၉ ) ပါး

| | | |
|---|---|---|
| ဥဒ္ဓုမာတက၊ ဝိနီလက၊ ဝိပုဗ္ဗက ( ၃ )ပါးကို | = | ( ၁ ) ပါးယူ၊ |
| ဝိက္ခာယိတက၊ ပုဠုဝက ( ၂ ) ပါးကို | = | ( ၁ ) ပါးယူ၊ |
| အဋ္ဌိကကို | = | ( ၇ ) ပါး ခွဲယူ |

ပေါင်း ၉ ပါး။